# Bibliographic Data

| | | | | |
|---|---|---|---|---|
| **Author** | ဇော်ဂျီ | Zawgyi | Jo‘ gyi¯ | **Art.** ZG0015 |
| **Article Title** | အောင်လံတော်<br>Victory Flag<br>'On‘ Lam‘ to‘ | | | |
| **Title (Book/Serial)** | ဆရာဇော်ဂျီ စာပေါင်းချုပ် ပထမတွဲ<br>Collected Works of Saya Zawgyi, Vol.1 | | | |
| **Issue and Volume** | | | | |
| **Edition** | | | | |
| **Place/ Publisher** | Union of Myanmar Literary and Journalist Organization | | | |
| **Distributor** | | | | |
| **Ed. Date** | 1993 | | | |
| **Pagination** | p. 201 - 209 | | | |
| **Annotation** | This play was performed in Kantawmate Hall in 1942 under the Janpanese occupation.The theme of this play was national unity. | | | |
| **Subject Terms** | Myanmar Drama<br>Japanese occupation | | | |
| **Key Words** | drama<br>national unity | | | |

# အောင်လံတော်

## (တစ်ခန်းရပ်)

### နိဒါန်း

'အောင်လံတော်' ပြဇာတ်ငယ်ကို လွန်ခဲ့သောဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ် ၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလ လောက်တွင် အာရှလူငယ်အစည်းအရုံးကကြီးမှူး၍ဗဟန်းရပ်၊ ကန်တော်မိတ်ရုံတွင် ခင်းကျင်းခဲ့ပါသည်။ ထိုပြဇာတ်မှာ အရေးအသားဖြင့်မရှိခဲ့ချေ။ ဇာတ်သဘောကို ကပြမည့် သူများအားပြောပြပြီးနောက် ကပြသူအစည်းအရုံးဝင်များက မိမိတို့ဉာဏ်မီသလောက် လက်တန်း ဉာဏ်ဖြင့်ပြောဆိုခင်းကျင်း ပြသသွားကြောင်းကို သိရသောအခါ ထိုပြဇာတ်ပျောက် ပျက် မသွား စေရန်၊ ထိုပြဇာတ်၏ လိုရင်း ကို ရနိုင် သမျှ ရအောင် မှတ်မိသလောက် ထိုအခါကပင် ပြန်လည် ရေးသား ထား ခြင်း ဖြစ် သည်။ ရာဇဝင်တွင် လောက်သည့်မြန်မာတို့အရေးတော်ပုံ တစ်ခုကိုမြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် ပြဇာတ်ဖွဲ့ထားသည်ဟုဆိုနိုင်ပါသည်။

### ဇာတ်ဆောင်သူများ

၁။ ပထမ လူငယ်
၂။ ဒုတိယလူငယ်
၃။ အမျိုးသားအောင်ပွဲနေ့ အလံအဖွဲ့ ဥက္ကဋ္ဌ
၄။ ကျောင်းသား၊သမဂ္ဂအဖွဲ့ဝင်တစ်ဦး
၅။ တက္ကသိုလ် သမဂ္ဂအဖွဲ့ဝင် တစ်ဦး
၆။ ရဲတပ်ဖွဲ့ဝင်တစ်ဦး
၇။ ဒို့ဗမာအစည်းအရုံးဝင်တစ်ဦး
၈။ ဆင်းရဲသား ဝံသာနုအဖွဲ့ဝင်တစ်ဦး
၉။ ဦးစိုးသိမ်းဂျီစီဘီအေ အဖွဲ့ဝင်တစ်ဦး
၁၀။ အရပ်သားတစ်ဦး
၁၁။ သခင် (၁)
၁၂။ သခင် (၂)
၁၃။ သခင် (၃)
၁၄။ သခင် (၄)
၁၅။ သခင် (၅)
၁၆။ သခင် (၆)
၁၇။ ဗမာ့လွတ်လပ်ရေးတပ်ဗိုလ်
၁၈။ တော်လှန်ရေးအဖွဲ့ သခင်တစ်ဦးနှင့် ဗ မာ့ လွတ်မြောက်ရေး တပ်မတော် ရဲဘော်၂၅-ဦး။

## အခန်း ၁

(ချယားသော ပြည်ဖုံးကား အပြင်သို့ လက်ယာဘက်မှ ပထမလူငယ်ထွက်လာစေ။ အပေါ်အင်္ကျီဝတ်လာစေ၊ လေချွန်ကာထွက်လာစေ။ ဇာတ်ခုံပေါ်တွင် နှစ်ခေါက်လောက် ဟန်ပါပါ ခေါက်တုံ့ခေါက်ပြန် လျှောက်၍ ဇာတ်ခုံတစ်ထောင့်သို့ ပြန်သွားသောအခါအခြားတစ်ထောင့်မှ ဒုတိယလူငယ်ထွက်လာစေ။ရှပ်လက်တို၊လုံချည်တိုတိုဝတ်လာစေ။ထွက်လာသည်နှင့်တစ်ပြိုင်နက် ဟန်ပါပါ လမ်းလျှောက်နေသော ပထမလူငယ်ကို မြင်စေ။ ပထမလူငယ်ပြန်၍လှည့်မည်ပြုသောအခါ....)

ဒုတိယလူငယ်။ ။"အောင်မာ....ဟန်တွေပန်တွေထုတ်လို့ ဘယ်သူလဲမှတ်တယ်။ လက်စသတ်တော့ သူငယ်ချင်းပါလား။ ဟေ့....ဘယ်လဲကွ" (ပထမလူငယ်ဆီသို့ သွားစေ။ ပထမလူငယ်က မှတ်မိလာသော လက္ခဏာဖြင့် ဒုတိယလူငယ်ဆီသို့ တိုးသွားစေ၊ ဇာတ်ခုံအလယ်သို့ နှစ်ဦးရောက်ကြစေ။)

ပထမလူငယ်။ ။"အို....ကိုယ့်လူပါလား၊ (ခြေဆုံးခေါင်းဆုံးကြည့်၍) ကိုယ့်လူကလည်း ခုထက်ထိ လုံချည်တိုတိုဝတ်တုန်းပဲကိုး၊ ငါလမ်းလျှောက်မလို့ ထွက်လာတာကွ၊ တွေ့ရတာဝမ်းသာတယ်ကွာ၊မင်းလည်း လမ်းလျှောက် ထွက်လာတာလား"

ဒုတိယ။ ။"အေး....ဟိုဘက်လမ်းက တွေ့ပြီးသွားရအောင်...."

ပထမ။ ။"ဘယ်ဘက်ကလဲ၊ ဟိုဘက်လမ်းက တွေ့ရမှာလား၊ မင်းသွားချင်လျှင်သွားကွာ၊ ငါမလိုက်ချင်ဘူး။" (အခြားဘက်သို့လှည့်ရန် ဟန်ပြင်စေ။)

ဒုတိယ။ ။"သူငယ်ချင်းရ.... (လက်ဆွဲစေ။) ဘာဖြစ်လို့လဲကွ...."

ပထမ။ ။"ဟိုလမ်းကသွားလျှင် ဟိုငနဲ ကလေးတွေနဲ့ တွေ့မှာပဲ၊ နောက်ပြီး သုံးရောင်ခြယ်ဆိုလား၊ဘာဆိုလား။ဟိုအလံဟာကွာ၊ ဒါနဲ့လည်း တွေ့မှာပဲ၊ တွေ့လျှင် ကုန်းလိုက်ကွလိုက်နဲ့၊ အရိုအသေ ပေးလိုက်ရတာ၊ လူ့ကို ပွတ်သင်ညိုဖြစ်လို့၊ မလိုက်ချင်ဘူးကွာ၊ မင်းသာသွား"

ဒုတိယ။ ။"သြော်....ဗမာ့တပ်မတော်က တပ်ခွဲစခန်းကလေးကိုပြောနေတာလား၊ ဖြစ်မှဖြစ်ရလေသူငယ်ချင်းရာ၊ ဒါဟာ ကိုယ့်တို့ ဗမာ့တပ်မတော်က တပ်မတော်သားတွေကွ၊ နောက်ပြီးတော့ သုံးရောင်ခြယ် ခေါင်းရှပ်နဲ့ အလံဟာလည်း ဒို့မြန်မာနိုင်ငံတော်ကြီးရဲ့ အလံကွ၊ ဟော....ပြောရင်း ဆိုရင်း...."

[ပြည်ဖုံးကား တင်လိုက်စေ။]

× × ×

## အခန်း ၂
## တောစခန်းတစ်ခု

(နောက်ကား၏တစ်ထောင့်တွင် သုံးရောင်ခြယ် အလယ်ခေါင်းရှပ်ပါသော အလံကို ချိတ်ဆွဲထားရမည်။ ဒုတိယ လူငယ်သည် အလံကိုမြင်သည်နှင့် တစ်ပြိုင်နက် အလံအနီးသို့သွား၍ အရိုအသေပြုစေ၊ ပထမလူငယ်မှာ ရပ်နေရင်းနေရာ၌ပင် ရှိနေစေ။ ကဲ့ရဲ့လိုသော အမူအရာဖြင့် ရပ်နေစေ။ ဒုတိယလူငယ် အရိုအသေပြုနေခိုက်....)

ပထမ။ ။(ပရိတ်သတ်ဘက်သို့လှည့်၍ မဲ့ရွဲ့ကာ) "ပြောလို့မှ စကားမဆုံးသေးဘူး၊ ကိုယ့်လူတော့ တစ်ခါတည်း ပွတ်သင်ညိုဖြစ်တာပဲ။ (တစ်ဖန် ဒုတိယလူငယ်ဘက်သို့ လှည့်၍) မင်းလဲ တော်တော်ရူးသေးတဲ့ ကောင်ပဲ"

ဒုတိယ။ ။(ပထမလူငယ်ဆီသို့လာ၍) "ဘာလဲကွ၊ ကိုယ့်နိုင်ငံရဲ့ အလံတော် ဆိုတာ ရှိသေထိုက်တာပေါ့ကွာ"

ပထမ။ ။"တော်စမ်းပါကွာ၊ အလုပ်ပိုတွေ လုပ်မနေစမ်းပါနဲ့"

ဒုတိယ။ ။"ဒါဟာ အလုပ်ပို မဟုတ်ဘူး သူငယ်ချင်း၊ ဒို့မြန်မာအားလုံးရဲ့ လွတ်လပ်တဲ့ဂုဏ်၊ အချုပ်အချာ အာဏာပိုင်တဲ့ဂုဏ်၊ ပြည်ထောင် တိုင်းတစ်ပါးရဲ့ ရှိသေခံ့ညားခြင်းကို ခံရတဲ့ဂုဏ်၊ အဲဒီလိုဂုဏ်တွေရဲ့ အထိမ်းအမှတ်ကွ၊ သိရဲ့လား"

ပထမ။ ။"တော်ပါကွာ၊ မင်းစိတ်ကူးကောင်းတိုင်း လျှောက်ပြီး လေဖောင်းနေတာပါ"

ဒုတိယ။ ။"ကျုပ် လိုက် ပါ ဘိ တော့ သူငယ်ချင်းရာ။ ဘယ်နိုင်ငံမှာမဆို နိုင်ငံတော် အလံဆိုတာ ရှိရစမြဲပဲကွ။ ဥပမာ နိပ္ပွန်နိုင်ငံမှာ နေတံဆိပ်အလံကွ။ သူတို့လူမျိုးဟာ နေမျိုးနေနွယ်က ဆင်းသက်လာတယ်ဆိုတဲ့ အထိမ်းအမှတ်။ ဂျာမနီမှာ ဆွစတီကခေါ်တဲ့ စကြာတံဆိပ်အလံ၊ သူတို့လူမျိုးဟာ အလွန်မြင့်မြတ်တဲ့ အာရိယာန်လူမျိုးဖြစ်တယ်ဆိုတဲ့ အထိမ်းအမှတ်။ ရုရှားမှာ အနီရောင်အခံ၊ တူတံစဉ်တံဆိပ်ပါတဲ့ အလံ၊ ကမ္ဘာပေါ်ရှိ ဆင်းရဲသား အလုပ်သမားတောသူတောင်သားမကျန် ကြီးပွားခါနီးပြီဆိုတဲ့ အထိမ်းအမှတ်။ နောက်ပြီးတော့"

(ထိုအခိုက်တွင် တစ်ထောင့်မှ မော်တော်ကား တစ်စီး ဟွန်းပေးကာ အပြေးထွက်လာ၍ ဒုတိယ လူငယ်ကို ဝင်တိုးသွားစေ။ ဒုတိယ လူငယ်လဲစေ။ ပထမ လူငယ်ရှောင်လိုက်စေ၊ ဤအခန်းမှာ ရယ်ဖွယ်ခန်းဖြစ်သည်။ စက္ကူကတ်ပြား တစ်ချပ်တွင် မော်တော်ကားရုပ်ရေးရမည်။ တစ်ယောက်ယောက်က ထိုကတ်ပြားကို ပရိသတ် မြင်အောင်ကိုင်၍ မော်တော်ကားကဲ့သို့ အော်၍ တစ်ထောင့်မှ ထွက်လာ၍ အခြား တစ်ထောင့်သို့ ပြေးဝင်သွားရန်ဖြစ်သည်။)

ပထမ။ ။(ဆွဲထူကာ) "အင်း.... မင်းလဲ ဒုက္ခပဲ။ ဒီဘရားမျိုးမှား ဟောရမယ်ဆိုလျှင် မော်တော်ကားတိုက်တောင် မင်းသိမှာ မဟုတ်ဘူး"

ဒုတိယ။ ။(လဲရာမှထ) "ဟော.... နောက်ပြီးတော့"

ပထမ။ ။(နားနှစ်ဘက်ပိတ်၍)"တော်ကွာ၊ တော်ကွာ။ မင်းပြောတာတွေကို ငါ အကုန်သိပြီးသားချည်းပဲ။ နို့ပေတဲ့ ဒီသုံးရောင်ခြယ်နဲ့ဒေါင်းရုပ်က ဘာမို့လို့လဲကွ။ သုံးရောင်ခြယ်နဲ့ ဒေါင်းရုပ်ရေးပြပြီး ဒါဟာ နိုင်ငံ တော်အလံ ဟော့လို့ ဆိုလျှင် ယုံရတော့မှာလား။ အရှိအခသပေးရတော့မှာလား။ ပြောစမ်းပါဦး"

ဒုတိယ။ ။"ဘယ်ဟုတ်မလဲ သူငယ်ချင်း။ သုံးရောင်ခြယ်နဲ့ ဒေါင်းရုပ်ဖြစ်ဖို့ဟာ တို့ဗမာတွေ ဘယ်လောက် ကြိုးစားလာခဲ့ရတယ် မှတ်သလဲ၊ ဘယ်လောက် ဒုက္ခခံခဲ့ရတယ် မှတ်သလဲ။ ဒါတွေကို မင်းဘာမှ မသိဘူး"

ပထမ။ ။"ကိုင်းပါကွာ။ မင်းကလဲ လင်းကျင်းစမ်းပါဦး"

ဒုတိယ။ ။ဟိုတုန်းကဆိုလျှင် နိုင်ငံတော် အလံနဲ့ပတ်သက်ပြီး ရဲတပ်ကလဲ တစ်မျိုးကွ။ သခင်ကလဲတစ်မျိုးကွ။ ဆင်းရဲသား ဝံသာနုကလဲတစ်မျိုးကွ။ ဦးစိုးသိမ်း ဂျီ-စီ-ဘီ-အေကလဲ တစ်မျိုးကွ။ ကျောင်းသားသမဂ္ဂကလဲ တစ်မျိုးကွ။ ပွက်လောကို ရိုက်နေကြဘာပဲ။ ဟိုတုန်းက တို့မှာ အမျိုးသားအောင်ပွဲနွှဲရယ်လို့ ကျင်းပလေ့ ရှိတယ် မဟုတ်လား"

ပထမ။ ။"အေး.... သန့်သန့်တော့ ကြားလိုက်သားပဲ။ ဟိုကွာ ပလုပ်တုတ်တွေ ဘာတွေတီး၊ အိုးစည်တွေ ဒိုးပတ်တွေ စည်တော်ကြီးတွေတီးပြီး ကကြခုန်ကြ။ မောမောရှိတော့ ပျော်ပွဲစားကြ။ ဒါတွေမဟုတ်လား"

ဒုတိယ။ ။"မင်းတော့ တော်တော်ကျပ်ဦးမယ့်ကောင်ပဲ။ ကိုင်းကွာ မင်းထင်သလို ပျော်ပွဲစားကွက်တယ်ပဲထားပါတော့။

အခု အမျိုးသားအောင်ပွဲနေ့ကြီးမှာ တစ်နိုင်ငံလုံးက အရှိအသေပြုဖို့ဆိုပြီး အလံတစ်ခုကို သတ်မှတ်ခဲ့တယ်၊ ၁၉၃၁ ခုနှစ်လောက်မှာ အမျိုးသားအောင်ပွဲနေ့အလံအဖွဲ့ရယ်လို့ ဖွဲ့စည်းပြီး၊ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့တယ်ကွ၊ ဒီအစည်းအဝေးက....”

× × ×

အခန်း ၄

အခန်းတစ်ခု

(တောကားကိုတင်လိုက်စေ၊ အခန်းတစ်ခုပေါ်လာရမည်။ စားပွဲ တစ်လုံးနှင့် ကုလားထိုင်များရှိရမည်။ စားပွဲနှင့်ကုလားထိုင်တို့မှာ ပွဲကြည့်ပရိသတ်နှင့် ဘေးတိုက်ခပ်စောင်းစောင်း ရှိရမည်။ အမျိုးသားအောင်ပွဲနေ့အလံအဖွဲ့ဥက္ကဋ္ဌ၊ ကျောင်းသားသမဂ္ဂဝင်၊ တက္ကသိုလ်သမဂ္ဂဝင်တို့ ထိုင်လျက်ရှိကြစေ။ ဥက္ကဋ္ဌဆေးပြင်းလိပ်ခဲ၍ သတင်းစာဖတ်နေစေ။ ကျောင်းသားသမဂ္ဂဝင်နှင့် တက္ကသိုလ်သမဂ္ဂဝင်တို့ စကားတီးတိုးပြောနေကြစေ၊ တစ်အောင့်ကြာသောအခါ....

တက္ကသိုလ်သမဂ္ဂဝင်။ (ထ၍) “ဥက္ကဋ္ဌကြီးခင်ဗျား၊အမျိုးသားအောင်ပွဲနေ့ အလံအဖွဲ့ အစည်းအဝေးကို ၁ နာရီမှာ ကျင်းပဖို့ ဖိတ်ထားတယ် မဟုတ်ပါလား ခင်ဗျာ”

ဥက္ကဋ္ဌ။ ။“အင်း.... ဟုတ်တယ်လေ၊ (နာရီကြည့်လျက်) အိုး....၁၀ မိနစ်တောင် ကျော်သွားပါပကောလား၊ စောင့်ပါဦးလေ၊ လူကြီးတွေအတွက်ဆိုတော့ လူငယ်တွေက သည်းခံမှပေါ့၊ ဟုတ်လား....”

တက္ကသိုလ်။ ။(စိတ်ပျက်သော အမူအရာနှင့် “ဟင်း....” ဆိုကာသက်ပြင်းချ၍ထိုင်စေ။)

သခင်။ ။(ထွက်လာ၍) “ဟာ.... ကိုယ့်လူတွေက တယ်စောကိုး၊” (ဥက္ကဋ္ဌဘက်သို့လှည့်၍ လက်ရိုး ဆန့်တန်းကာ “ဒို့ဗမာ” ဆို၍ထိုင်လိုက်စေ၊)

ဥက္ကဋ္ဌ။ ။(အံ့သြနေရာမှ) သခင်ကိုယ်တော်မှိုင်းကြီး မာရဲ့နော်....”

သခင်။ ။“ငါတို့ ဆရာကြီး မာပါတယ်” (အသံကျယ်ကျယ်နှင့်)

ဆင်းရဲသားဝံသာနု။ ။(ထွက်လာ၍) “ဟား....လို့။ (အလွန်တရာအရောတဝင်ဖြစ်လိုဟန်ဖြင့် ဥက္ကဋ္ဌဘက်သို့လှည့်၍) ဆရာမာရဲ့နော်၊ ဒီဘက်က မိတ်ဆွေကလေးတွေကော အားလုံးမာကြရဲ့နော်၊ (သခင်ဘက်သို့) ဟာ—လို့။ (ဇက်စတော့မလိုလိုဟန်နှင့်) ဘယ်သူလဲ မှတ်တယ် ခင်ဗျား....သခင်.... သခင်ဟို ဟို....သခင် ဘယ်သူတဲ့လေ သခင် ဒီ ဒီ....”

သခင်။ “သခင်ဥတိုလေ” (အသံကျယ်ကျယ်နှင့် ခပ်ဆတ်ဆတ်၊)

ဆင်းရဲသား။ ။“အိုး.... ရက်စ်.... ရက်စ်....သခင်ဥတို”

ကျောင်းသားသမဂ္ဂဝင်။ ။“ဥက္ကဋ္ဌကြီးခင်ဗျား၊အစည်းအဝေးဖွင့်ပါတော့—”

ဥက္ကဋ္ဌ။ ။“ရဲတပ်အဖွဲ့နဲ့ ဦးစိုးသိမ်း ဂျီ-စီ-ဘီ-အေကို စောင့်ဦးမှ ကောင်းမယ် ထင်တယ်။ သြော်....ဟော .... ဟော.... လာကုန် ကြပါပြီ။ (ရဲတပ်အဖွဲ့ဝင်နှင့် ဦးစိုးသိမ်း ဂျီ-စီ-ဘီ-အေ အဖွဲ့ဝင်တို့ ဝင်လာ၍ ထိုင်ကြစေ။) ယခုအစည်းအဝေး ဖွင့်ပါပြီခင်ဗျာ၊ ဖိတ်စာမှာ ပါတဲ့ အတိုင်း မြန်မာ တစ်နိုင်ငံလုံးရဲ့ ရှိသေခြင်း၊ ပူဇော်ခြင်းကို ခံထိုက်တဲ့ အမျိုးသားအလံကို ယနေ့ ကျွန်တော်တို့အဖွဲ့က ရွေးချယ် သတ်မှတ်ဖို့လိုပါတယ်။ ဒါကြောင့်မို့ ကြွရောက်လာသော ကိုယ်စားလှယ် များက သင့်တော်မယ်ထင်တဲ့ အလံကို အဆိုသွင်း ကြပါခင်ဗျား”

ရဲတပ်အဖွဲ့ဝင်။ ။(ထကာ) “ကျွန်တော်တို့ ရဲတပ်ဖွဲ့ဟာ အမျိုးသားအောင်ပွဲ နေ့တိုင်းမှာ ပါဝင် ဆောင်ရွက်ခဲ့ပါတယ်၊ အောင်ပွဲ လှည့်တဲ့အခါတိုင်းမှာကျွန်တော်တို့ရဲ့ ရဲတပ်အလံဖြစ်တဲ့ အဖြူခံ ရွှေနားကွပ် ဒေါင်းရုပ် အလံကို လွှင့်ခဲ့ပါတယ်။ ဒါကြောင့် အဖြူခံ၊ ရွှေနားကွပ် ဒေါင်းအလံ

ကို အမျိုးသား အလံအဖြစ် ရွေးသင့်ပါ
တယ်”

ဦးစိုးသိမ်း ဂျီ-စီ-ဘီ-အေ။ ။( ထကာ ) “ ကျွန်တော် ကန့်ကွက်ပါတယ်၊ (ရဲတပ်အဖွဲ့ဝင် မျက်စောင်းထိုးလျက် ထိုင်လိုက်စေ။) အဖြူခံ၊ ရွှေနဂါးကွပ် ဒေါင်းရုပ်အလံဟာ ကိုယ်ထင်ရာ ကိုယ်လုပ်ထားတဲ့ အလံသာဖြစ်တယ်၊ ကျွန်တော်တို့ဦးစိုးသိမ်း ဂျီ-စီ-ဘီ-အေကြီးဟာ ကုန်းဘောင်ရာဇဝင်တော်ကြီးများနဲ့ အလိုက်နှင့် ညှိနှိုင်းပြီး သကာလ၊ အင်မတန် ယဉ်ကျေးတဲ့ ပန်းခက်ကိုက် ဒေါင်းရုပ်ပုံပါတဲ့ အလံတော်ကြီးကိုစိမ်ပြီးစီးခဲ့ပါတယ်။ နတ်များနဲ့လဲ ပူဇော်ပသပြီးပါပြီ။ ဒါကြောင့်မို့လို့”

သခင်။ ။(ထကာ) “ကျွန်တော် ကန့်ကွက်တယ်။ (ဦးစိုးသိမ်း ဂျီ-စီ-ဘီ-အေ အဖွဲ့ဝင် မျက်စောင်းထိုးလျက် ထိုင်လိုက်စေ။) အခုလို အခါကြီးမှာ ပန်းခက်ကလေးကိုက်ပြီး ယဉ်ကျေးနေတယ် ဆိုတာကိုက ငွျ။ ငွ။ (လက်ရုံး လက်မောင်း ဆန့်တန်းကာ) တိုင်းပြည်မှာ၊ တောင်သူ လယ်သမား၊ အလုပ်သမားတွေအများကြီး ဒုက္ခရောက်နေကြတယ်ဆိုတာကို တစ်တိုင်းပြည်းလုံးသိတယ်။ ဒီဒုက္ခသည် တွေ ကို ဘယ်သူ ဂရုစိုက်သလဲ။ ငါတို့ တို့ဗမာ အစည်းအရုံး က သာ ဂရုစိုက်တယ်။ ဒါကြောင့်မို့ လူအများစု လူထုဖြစ်တဲ့တောင်သူ လယ် သ မား၊ အ လုပ် သမားတွေရဲ့ မျက်နှာကို ထောက်ပြီးတော့၊ ငါတို့အစည်းအရုံးရဲ့ အလံဖြစ်တဲ့အဝါ၊ အစိမ်း၊ အနီ သုံးရောင်ခြယ်နဲ့ တူတံစဉ်တံဆိပ်ပါတဲ့အလံကို အမျိုးသားအလံ လုပ်သင့်တယ်”

ဆင်း ရဲ သား ဝံ သာ နု။ ။(ထကာ) “အခုအဖွဲ့ အသီးသီး ပြောသွားတဲ့ အလံတွေမှာ အား လုံး ကောင်းကြပါတယ်။ နို့ပေမယ့် အကောင်းဆုံးကို မရသေးတဲ့ အ တွက် ဘယ် အ လံ ကို မှ ကျုပ် မထောက်ခံနိုင်ပါဘူး။ ( သ ခင် မျက်စောင်းထိုးလျက် ဆောင့်၍ ထိုင်လိုက်စေ၊) မြန်မာနိုင်ငံကြီးရဲ့ အရေးအကြီးဆုံး တစ်ရပ်ဟာ သာသနာ ဖြစ်တယ်၊ ဒါကြောင့် အဝါရောင်ဖြစ်တဲ့သာသနာအရောင်တစ်မျိုးတည်းကိုသာ သုံးရမယ်လို့ မှတ်လိုက်ပါ။ နောက်ပြီးတော့ တောင်သူ လယ်သမား များ ဟာ ဓားမဦးချ လုပ်ကိုင်စားသောက်ကြရတယ်၊ ဒါ့ကြောင့် အဝါရောင် အောက်ခံမှာ ဓားမတံဆိပ် ပါသင့်တယ်လို့ မှတ်လိုက်”

ကျောင်းသားသမဂ္ဂဝင်။ ။(ထကာ) “ကန့်ကွက်တယ်၊ (ဆင်းရဲသား ဝံသာနု မျက်စောင်းထိုးလျက် ထိုင်လိုက်စေ၊) အခုနက ပြောသွားကြတဲ့ အဖွဲ့တွေနဲ့ အမျိုးသား အောင်ပွဲနေ့ဟာ ဘာမှ မဆိုင်ပါဘူး၊ ပြဒါးတစ်လမ်း သံတစ်လမ်း၊ ခါးတောင်းကျိုက်တလွဲ တင်တလွဲသာ ဖြစ်တယ်၊ အမျိုးသား အောင်ပွဲနေ့ဟာ ကျွန်တော်တို့ကျောင်းသားများကစပြီး သပိတ်မှောက်လို့ ဖြစ်လာရတာ။ ဒါကြောင့်မို့လို့၊ ကျောင်းသားများ ကြိုက်တဲ့ အနီရောင် အောက်ခံ၊ ခွပ်ဒေါင်း အလံကိုသာ ရွေးသင့်တယ်” (ထိုင်စေ)။

ရဲတပ်ဝင်။ ။(ဒေါနှင့်ထ၍)“ဘယ်သူကဘာပြောပြော။ရဲတပ်အလံကိုမှမရွေးလျှင် ကျုပ်တို့အဖွဲ့က ခွဲထွက်မယ်။တစ်စင်ထောင်မယ်” (လက်ပိုက်ကာ၊ အံကြိတ်ကာ၊ မထီမဲ့မြင်ပြုံ၍ ရပ်နေစေ။)

ဦးစိုးသိမ်းဂျီ-စီ-ဘီ—အေ။ ။( ဒေါနှင့် ထ၍ )“ကျုပ်ကလဲ ကျုပ်တို့အလံ ကို မရွေးလျှင် တစ်စင်ထောင်မယ်”(လက်ပိုက်ကာ၊ အံကြိတ်ကာ၊ မထီမဲ့မြင်ပြုံ၍ ရပ်နေစေ။)

သခင်။ ။( ဒေါနှင့် ထ ၍ )“အောင်မာ... ဟန်ပဲ ဟန် ကျ သေး တော့၊ ထွက်မယ်။အခု ထွက် မယ်။ သခင်မျိုး ဟေ့.... ဒို့ဗမာ။ ထွက် မယ်၊ အခု ထွက် မယ်” (လက်ရုံး ဆန့်ကာ၊ အံကြိတ် ကာ၊ မထီမဲ့မြင်ပြုံ၍ ရပ်နေစေ။)

ဆင်းရဲသားဝံသာနု။ ။(ခပ်လေးလေး ထ၍) “ခင်ဗျားတို့ ဒီလိုသာ ခွဲထွက်ပြီး တစ်စင်စီထောင်ကြမယ်ဆိုလျှင် ဘယ်ကောင်းမှာလဲ။ အင်း....ကျုပ်ကလဲ တစ်စင်ထောင်

မှိုပဲ ရှိတော့တာ ပေါ့" (ပုဆိုးစဆွဲကာ ရင်ကော့ကာ မထီမဲ့မြင်ပြုံ၍ရပ်မနေစေ။)

(အဖွဲ့ကိုယ်စားလှယ် အချင်းချင်း စားတော့မည် ဝါးတော့မည် ကဲ့သို့၊ မွေ့ကာ တစ်မျိုး၊ စောင်းကာတစ်မျိုး၊ မေးငေါ့ကာ တစ်မျိုး၊ နှုတ်ခမ်းစူကာတစ်မျိုး၊ မာန်လုပ် ဟန်ထုတ်နေကြစေ။)

ဥက္ကဋ္ဌ၊ ။(ခေါင်း ကုတ် ကာ ထ၍) "ပွကျတဲ့ လူတွေပဲ ထိုင်ကြပါဦးလေ။ ခဏ ထိုင်ကြပါဦး"

အားလုံး။ ။(တညီ တ ညာ တည်း "မ.... ထိုင်....ဘူး"

ဥက္ကဋ္ဌ၊ ။"အလဲ....၊ (ပရိသတ်ဘက် သို့လှည့်၍) ဒီလူတွေကို ဒီလို ထိုင်ခိုင်းလို့ တော့ ရမှာ မဟုတ်ဘူးဗျ။ သူတို့ကြိုက်လုံး ကလေးကို ခွ့ံမှ ထိုင်ကြမှာ။ ကျုပ်စမ်း ကြည့်လိုက်မယ်။ (သခင်၊ ရဲတပ်၊ ဦးစိုးသိမ်း ဂျီ-စီ-ဘီ-ခအေ၊ ဆင်းရဲသား ဝံသာနု၊ ကျောင်းသား သမဂ္ဂ၊ တက္ကသိုလ် သမဂ္ဂ ကိုယ်စားလှယ်များဘက်သို့ လှည့်၍) ဗျို့ ဆရာကြီးတို့၊ ဆရာကြီးတို့...."

အားလုံး။ ။(သံပြိုင်)"ဘာလဲ"

ဥက္ကဋ္ဌ၊ ။"အ လဲ့.... ကိုင်းဗျာ.... ခင်ဗျားတို့ဟာ မြန်မာ့လွတ်လပ်ရေးအတွက်၊ တစ်တိုင်းပြည်လုံး ကောင်းကျိုး အတွက်၊ တကယ်အသက်စွန့်ပြီး၊ တကယ်တမ်း အညီ အညွတ် ဆောင်ရွက်ချင် ကြတယ် ဆိုလျှင် တညီတညာတည်းထိုင်ကြမှာပဲ"

အားလုံး။ ။(အားလုံး လက်ပိုက်ကာ၊ နှုတ်ခမ်းစူကာ၊ မေးငေါ့ကာ ရပ်မြဲရပ်နေ ကြစေ။)

ဥက္ကဋ္ဌ။ ။(ပရိသတ်ဘက်သို့ လှည့်၍) "မြင်ကြရဲ့လား ခင်ဗျာ့၊ (တစ်ဖန် အဖွဲ့ ကိုယ်စားလှယ်များဘက်သို့လှည့်၍) ကိုင်း ဗျာ၊ခင်ဗျားတို့ဟာ မြန်မာ့လွတ်လပ်ရေး ဆို တဲ့ စကားကို နှုတ်ကသာ တဖောင်ဖောင် ပြောပြီး တကယ်အလုပ်လုပ်တော့ အချင်း ချင်း ဂုဏ်ပြိုင်ချင်လို့၊ တစ်ယောက်လုပ်တာ ကို တစ်ယောက် အရှုံ့တိုက်ချင်လို့၊ တစ် ယောက် လက်နဲ့ရေးတာကို တစ်ယောက်က ခြေနဲ့ဖျက်ချင်လို့ ဒီအစည်းအဝေးကို လာ တယ်ဆိုလျှင် အားလုံးထိုင်ကြမှာပဲ"

အားလုံး။ ။(တညီတည်း) "ထိုင်.... တယ်" (အားလုံးထိုင်ကြစေ။)

ဥက္ကဋ္ဌ။ ။"အောင် မယ်....တယ် ညီ ပါလား"

အားလုံး။ ။(တညီတည်း) "ညီ.... တယ်"

ဥက္ကဋ္ဌ။ ။(ပရိသတ်ဘက် လှည့်၍) "အဲဒါကိုသာ ကြည့်တော့ခင်ဗျာ့၊ အဲဒါ တွေဟာ နိုင်ငံရေးလုပ်ငန်းတဲ့၊ ကြီးပွားဖို့နဲ့ တော့ အများကြီး ဝေးသေးတာပဲ။ (ကိုယ် စားလှယ်များဘက်သို့ လှည့်၍) ကိုင်း.... မိတ်ဆွေကြီးတို့ မိတ်ဆွေကြီးများကို ကျွန် တော် အနည်းငယ် အစီရင်ခံချင် ပါတယ်။ မိတ်ဆွေကြီးများဟာမြန်မာနိုင်ငံကြီးအတွက် ကြိုးစား ဆောင်ရွက်နေကြတဲ့ နိုင်ငံရေး သမားများ ဖြစ်ကြတဲ့အတိုင်း မိတ်ဆွေကြီး များကို ကျွန်တော် အလွန်ချီးမွမ်း၍ ရှိသေ ပါတယ်။ (ကိုယ်စားလှယ်များရင်ကော့၍ ဟန်ထုတ်လိုက်ကြစေ။) နို့ပေတဲ့ နိုင်ငံရေး သမားအခေါ်ခံပြီး လုပ်နေတဲ့ အလုပ်က တော့ တစ်ဦးနဲ့ တစ်ဦး တစ်ဂိုဏ်းနဲ့ တစ် ဂိုဏ်း ဂုဏ်ပြိုင်လိုပြိုင်၊ အရှုံ့တိုက်လို တိုက်နဲ့ အင်မတန်ရယ်စရာကောင်းပါတယ်။ (ကိုယ် စားလှယ်များ ရင်ကော့ဟန်ထုတ် နေရာမှ ပြန်ပျော့သွားကြစေ၊ ) မြန်မာ့သမိုင်းကို ပြန်ကြည့်ပါ။ မြန်မာနိုင်ငံတော် အင်မတန် အင်အားကောင်းပြီ၊ ပြည် ထောင် အချင်း ချင်းက ရိုသေခန့်ညားခဲ့ရ တဲ့ ခေတ်ကိုကြည့် လိုက်လျှင် တိုင်းရင်းသားအချင်းချင်း အင်မ တန်ညီညွတ်နေတဲ့ ခေတ်တွေကို တွေ့ရပါ လိမ့်မယ်၊ ဒီခေတ်တွေဟာ အနော်ရထာ ခေတ်၊ ဘုရင့်နောင်ခေတ်၊ အလောင်း ဘုရားခေတ်၊ ဆင်ဖြူရှင်ခေတ်များ ဖြစ်ပါ တယ်။ တစ်ဖန်မြန်မာ နိုင် ငံ တော်ကြီးဟာ အင်အားနည်းပြီး တိုင်းတစ်ပါးရဲ့ အစော် ကားခံခဲ့ရတဲ့ခေတ်ကိုကြည့်လိုက်လျှင် တိုင်း

ရင်းသားတွေဟာ သူတစ်လူ ငါတစ်မင်း အချင်းချင်းရက်ပြိုင်ပြီး ကစ်ဖဲ့လုပ်နေကြတဲ့ ခေတ်တွေကိုတွေ့ရပါလိမ့်မယ်။ ဒီခေတ်တွေဟာ အင်းဝကတစ်မျိုး၊ ပြည်က တစ်မျိုး၊ တောင်ငူကတစ်မျိုး၊ ဟံသာဝတီက တစ်မျိုးနဲ့ အမျိုးမျိုး ကိုယ်လိုရာကိုယ်စိုင်းနေကြတဲ့ ခေတ်တွေဖြစ်ပါတယ်။(ကိုယ်စားလှယ်များ နောင်တရသည့် အမူအရာဖြင့် ဦး ခေါင်း ညိတ်ကြစေ၊) ဒီတော့ကျွန်တော်တို့အားလုံးဟာ အခုနေအခါမှာဂိုဏ်းစိတ်တွေ ဖျောက်နိုင်မှ၊အချင်းချင်းသွေးစည်းနိုင်မှ တော်ကာကြလိမ့်မယ်၊ အခုအမျိုးသားအလံကိစ္စဟာ မြန်မာတိုင်းရင်းသားအားလုံးရဲ့ ကံကြမ္မာကို ဖန်တီးမယ့်ကိစ္စဖြစ်တယ်။ ဒါ့ကြောင့် ဒီကိစ္စမှာ ယခုကြွရောက်လာကြတဲ့ကိုယ်စားလှယ်အား လုံး ညီ ညွတ် ကြ ပါ လို့ ရှေးဦးစွာ ကျွန်တော်က တောင်းပန်ချင်ပါတယ်။ ဒီလို တောင်း ပန် ပြီးတဲ့ နောက် အလံကိစ္စကို ရှင်းလိုပါတယ်။ အလံကိစ္စနှင့် ပတ်သက်၍ ကျွန် တော် တို့ အား လုံး ဟာ နီး လျက် နဲ့ ဝေးနေကြပါတယ်။ နီးတယ်ဆိုတာက ယခုကြွရောက်လာကြတဲ့ကိုယ်စားလှယ်အားလုံး လိုလို့ပဲ၊ ဒေါင်းရုပ်နဲ့တကွ၊ အနီရောင်၊ အဝါရောင်၊ အစိမ်းရောင်တွေကို သဘောကျကြတာတွေ့ရပါတယ်။ ဝေးတယ်ဆိုတာက မောင်းတော်လှံခါ၊ ကျောင်း တော် က ရန်စဆိုသလို၊ပါတီစွဲ၊ဂိုဏ်းစွဲတွေ ပေါ်လာပြီး၊ အချင်းချင်းအရွဲ့တိုက်နေချင်တဲ့စိတ်တွေကြောင့်လို့ထင်ပါတယ်။ (ကိုယ်စားလှယ်များဦးခေါင်းငုံ့နေကြစေ။) ဒီတော့ အားလုံး ရဲ့ အလိုကျ ဖြစ် အောင် ကျွန် တော် က ကြားကနေပြီးဖျန်ဖြေချင်တာက ကျွန်တော်တို့ရဲ့အမျိုးသားအလံမှာဒေါင်းရုပ်လဲပါသင့်ပါတယ်၊အဝါရောင်လဲပါသင့်ပါတယ်၊ အနီရောင်လဲ ပါသင့်ပါတယ်။ အစိမ်းရောင်လဲ ပါသင့်ပါတယ်။ ဒေါင်းရုပ် ဆိုတာမှာလဲ ခွပ်ဟန်၊ ပန်းကိုက်ဟန်၊ ခြေတစ်ဖက်ကြွ ကဟန် မဟုတ်ဘဲ၊ သားသားနားနားအမြီးဖြန့်ကားပြီး ဇာခြွေ ရရနဲ့နေတဲ့ဒေါင်းရုပ်ဆိုလျှင်အားလုံးသဘောကျလိမ့်မယ်လို့ထင်ပါတယ်။ကျွန်တော်ကပဲအဲဒီအလံကိုအဆိုသွင်း ပါတယ်"

တက္ကသိုလ်။ ။ကျွန်တော် အများကြီး ထောက်ခံပါတယ်၊ အဝါရောင်ဟာ မြန်မာနိုင်ငံကြီးရဲ့ အဓိက သာသနာဖြစ်တဲ့ ဗုဒ္ဓသာသနာရောင်ရယ်လို့ အဓိပ္ပာယ်ပေါက်ပါတယ်။ အစိမ်းရောင်ဟာ မြန်မာ နိုင်ငံကြီးရဲ့ အသက်သခင်ဖြစ်တဲ့ စိမ်းလန်းတဲ့ ဆန် ရေစပါးရယ်လို့ အဓိပ္ပာယ်ပေါက် ပါတယ်။ အနီရောင်ဟာ မြန်မာ နိုင်ငံကြီး မှာ ရှိတဲ့ မြန်မာ တိုင်းရင်းသား အားလုံးရဲ့ သွေးသတ္တိရယ်လို့ အဓိပ္ပာယ် ပေါက်ပါ တယ်။ ဇာခြွေရရ နေတဲ့ ဒေါင်းရုပ်ဆိုတာဟာ မြန်မာတိုင်းရင်းသားတို့ရဲ့ အသုံးအဆောင်အတွက် အထွတ်အမြတ်ဖြစ် တယ်ဆိုတာ အင်မတန်ထင်ရှားပါတယ်။ ဒါကြောင့်မို့လို့၊ဝါ၊စိမ်း၊နီ သုံးရောင်ခြယ်မှာဒေါင်းရုပ်ပါတဲ့အလံကို အမျိုးသားအလံအဖြစ် အသိအမှတ်ပြုကြပါရန် ကျွန်တော်က ထောက်ခံ ပါတယ်" (ထိုင်စေ။)

ဥက္ကဋ္ဌ။ ။"ဝါ၊စိမ်း၊နီ၊ သုံးရောင်ခြယ်အလယ်ဒေါင်းရုပ်ကို အဆိုသွင်းပြီး ပါပြီ။ ထောက်ခံသူလည်း ရှိနေပါပြီ။ ကန့်ကွက်လိုကြပါသေးသလားခင်ဗျာ"

အားလုံး။ ။(ခေါင်းငုံ့ ငြိမ်သက်စွာနေကြစေ။)

ဥက္ကဋ္ဌ။ ။"ငြိမ်သက်စွာ နေကြ လျှင် အားလုံး သဘောတူကြတယ်လို့ ယူဆရပါလိမ့်မယ်။ (အားလုံး ငြိမ်သက်စွာနေကြစေ၊) ကန့်ကွက်သူ မရှိတဲ့အတွက်ဝါ၊စိမ်း၊နီ၊ သုံးရောင်ခြယ်၊အလယ်ဒေါင်းရုပ် ပါတဲ့အလံကို အမျိုးသားအလံအဖြစ် ယနေ့ကစပြီး အတည်ပြုလိုက်ပါပြီခင်ဗျား...."

အရပ်သား။ ။(အရပ်သားတစ်ဦးထွက်လာစေ)၊ (အ,ထစ်အ,ထစ်နှင့်) "အ—အခွင့် ပေးလျှင် ကျွန်တော်က၊ နည်းနည်းဖြည့်—ဖြည့်စွက်ချင်ပါတယ်၊ကျွန်—ကျွန်တော်က၊ နိုင်—နိုင်ငံရေးသမား မ—မဟုတ်ပါဘူး။ အ-အရပ်သား ရိုး—ရိုးပါ။(အားလုံး ဝိုင်း

ကြည့်ကြစေ၊အံ့အားသင့်ကြစေ၊)နိုင်--နိုင်ငံရေးသမားတချို့ဟာ စိတ်ညစ်—ညစ်—ပတ်-ပတ် မွေးကြလွန်းလို့၊ စိတ်—စိတ်ဖြူ—ဖြူစင်မွေးဖြစ်အောင်၊သုံး—သုံးရောင် ခြယ်မှာ အ— အဖြူရောင်ထပ်- ထပ်ထည့်လျှင် မ—မကောင်းဘူးလားခင်ဗျာ”

ဥက္ကဋ္ဌ။ ။(ရယ်မောကာ) “ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ နို့ပေတဲ့ နိုင်ငံရေးသမားတွေ အခုညီညွတ်ကုန်ကြပါပြီခင်ဗျာ။ အခုစိတ်ဖြူဖြူစင်စင် ရှိကုန်ကြပါပြီခင်ဗျာ”

အရပ်သား။ ။“ဒီ—ဒီလိုဆိုလျှင်ကျေ—ကျေနပ်ပါတယ်၊ သုံး—သုံး ရောင် ခြယ်၊ အလယ်ဒေါင်း....ဒေါင်းရုပ် အ— အလံကြီးအတွက်၊ လူ—လူတွေ အ—အများ—ကြီး— ရှ ပေးပါမယ်—ခင်ဗျာ”

အားလုံး။ ။(ထ၍လက်ရိုးတန်းကာ) “သုံးရောင်ခြယ်၊ ဒေါင်းရုပ် အလယ်။ သုံးရောင်ခြယ်၊ ဒေါင်းရုပ်အလယ်၊ သုံးရောင်ခြယ်-ဒေါင်းရုပ် အလယ်....”

[ပြည်ဖုံးကားချစေ။]

× × ×

## အခန်း (၄)

(ကားအပြင်ဘက်သို့ ပထမလူငယ် နှင့် ဒုတိယ လူငယ်တို့ ပြန်ထွက် လာကြစေ)၊

ဒုတိယ။ ။“ကိုင်း....သူ ငယ် ချင်း၊ မြန်မာနိုင်ငံ အ မျိုး သား အ လံ အ တွက် အဲဒါလောက် စကားအဖုံဖုံ အငြင်းပွားပြီးမှ ဆုံးဖြတ်ခဲ့ရတာ၊ သူငယ်ချင်းရ”

ပထမ။ ။“အောင်မယ်လေးဟဲ့ .... (ရယ်မောစေ)။ မင့်အလံကကွာ၊ စကားတွေ အငြင်းပွားပြီးမှ ဖြစ်လာရတဲ့ အလံ။ ဝါဃောထဲက ထွက်လာတဲ့အလံ၊ ငါ့မှာ အရသာ မတွေ့သေးပါဘူးကွာ။ နို့ပေတဲ့ မင်းပြောတဲ့အတိုင်း ဒေါင်းရုပ်ကို မြန်မာတွေရဲ့အသုံးအဆောင် အထွတ်အမြတ်ရယ်လို့ဆိုချင်လျှင် ဆိုပါတော့။ အဝါရောင်ကို သာသနာ့အရောင်ရယ်လို့ ဆိုချင်လျှင်လည်း ဆိုပါတော့၊ အစိမ်းရောင်ကို မြန်မာနိုင်ငံရဲ့ ဆန်စပါး ကောက်ပဲသီးနှံကိုပြတဲ့ အ ရောင်ရယ်လို့ ဆိုချင်လျှင်လည်းဆိုပါတော့။ မင့်အနီရောင်က ဘာကို ဆိုချင်တာလဲကွ”

ဒုတိယ။ ။“အနီရောင်က လွတ်လပ်ရေးအတွက် မြန်မာတိုင်းရင်းသားအားလုံးရဲ့ သွေးသတ္တိကို ပြရမယ်ဆိုတဲ့သဘောပေါ့ကွ....”

ပထမ။ ။‘ဘာကွ....ဘာ”

ဒုတိယ။ ။“မြန်မာ့သွေး၊ မြန်မာ့သတ္တိကိုဆိုတာကွ”

ပထမ။ ။“တော်စမ်းပါကွာ၊ (ရယ်မောစေ)။ (ပရိသတ်ဘက်သို့လှည့်၍ မဲ့ကာ ရွဲ့ကာ) အနီရောင်က မြန်မာ့သွေး၊ မြန်မာ့သတ္တိကို ပြရမယ်တဲ့။ (ဒုတိယလူငယ်ဘက်သို့ ပြန်လှည့်၍) ဘယ်မလဲ မြန်မာ့သွေး၊ ဘယ်မလဲ မြန်မာ့ သတ္တိ။ မင်းတို့နိုင်ငံရေးသမား တစ်စု ခွက်စောင်းခုတ်နေတာဟာ မြန်မာ့ သွေးလား။ မင်းတို့နိုင်ငံရေးသမားတစ်စု အချင်းချင်း ဂုဏ်ပြိုင်နေတာဟာမြန်မာ့သတ္တိလား။အောင်မယ်လေး....ရယ်ချင်သကွာ။ ဟား....ဟား....ဟားဟေ့....မြန်မာ့သွေး၊ မြန်မာ့ သတ္တိ ဆိုတာဟာ တကယ်လုပ်ရဲတဲ့သွေး၊တကယ်ကြံရဲတဲ့သတ္တိကွ။ တကယ့် အကြံကွ။ တကယ့်အလုပ်ကွ၊ တကယ့် ဇွဲ ကွ။ သိလား၊ တောက်....ငါမချင့်မရဲ ဖြစ်လိုက်တာကွာ”

(ခါးတောင်းကျိုက်ဟန်ပြုစေ၊ ပထမလူငယ်တွင် ဤအခါမှစ၍ ထက်သန် တက်ကြွလာသော အမူအရာပြလာစေ)။

ဒုတိယ။ ။(ပထမ လူငယ်ကို တားဟိဟန်ဖြင့်) “နေဦး သူငယ်ချင်း။ နေဦး။ နေဦး၊ အခုနကမင်းပြောလိုက်တဲ့တကယ့်အကြံကွ၊ တကယ့်အလုပ်ကွ၊ တကယ့်ဇွဲကွ ဆိုတာတွေလာပါလိမ့်မယ်။ လွန်ခဲ့တဲ့ ၁၉၃၉ ခုနှစ်က ဥရောပမှာ ဂျာမနီ နဲ့ အင်္ဂလိပ် စစ်ဖြစ်တယ် မဟုတ်လား”

ပထမ။ ။"အေးလေ-အကြီးအကျယ်ပေါ့"

ဒုတိယ။ ။"ဒီတော့တို့လိုလူငယ်သခင်တစ်စုဟာ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် စဉ်းစားကြတယ်။ ကမ္ဘာ့အရေးတော့ပေါ်လာပြီတဲ့၊ ပေါ်လာတဲ့ကမ္ဘာ့ အရေးမှာ မြန်မာ့ အရေးကို ဘယ်လိုရှင်းရမလဲ ဆိုပြီး ဆွေးနွေးကြတယ် သူငယ်ချင်းရ။ တစ်နေ့ကျတော့ လျှို့ဝှက်စခန်း တစ်ခုမှာ သခင်တစ်စုဟာ...."

[မြည်ဖုံးကား တင်လိုက်စေ]။

× × ×

## အခန်း ၅
## အိမ်ခန်း တစ်ခန်း

(လက်ယာဘက်၌ အထွက်အဝင်တံခါးရှိရမည်၊ ဝဲဘက် နံရံနှင့် ကပ်လျက် ခုံရှည်သို့မဟုတ် ကွပ်ပျစ်တစ်ခု ရှိရမည်၊ အခန်းအလယ်၌ စားပွဲတစ်လုံးကို ကုလားထိုင်သို့မဟုတ် ခွေးခြေငါးလုံး ရန်လျက်ရှိရမည်။ အခန်းတွင် မသပ်မယပ်သော အသွင်အပြင်ရှိရမည်။ သခင်အမှတ် (၃)နှင့်(၄)တို့သည် ကွပ်ပျစ်ပေါ်၌ ဝမ်း လျား မှောက် ၍ စာတစ်ရွက်ကို ရှေ့မှာချကာ တီးတိုး ပြောနေစေ။ သခင် အမှတ်(၅)သည် ကုလားထိုင်တစ်လုံးပေါ်၌ ငိုက်နေစေ၊ တအောင့်ကြာသောအခါ သခင် အမှတ်(၆) ထွက်လာစေ။)

သခင်(၆)။ ။(အသံကို အုပ် ကာ) "တို့ဗမာ....သတိ"

(ကွပ်ပျစ်ပေါ်က သခင်နှစ်ဦး လူးလဲကာ ထ၍ ကုလားထိုင်များဆီသို့ သွား၍ ထိုင်ကြစေ၊ ငိုက်နေသောသခင်(၅)သည် သတိသံကို ကြားသည်နှင့် တစ်ပြိုင်နက် လန့်နိုး၍ သခင်(၆)သို့ ယှမ်း၍)

သခင်(၅)။ ။"ဟေ့ ကောင်....ဘာလဲကွ၊ စုံထောက်လား၊ နက်ဖြန်မှ လာလို့ပြောလိုက်ကွာ"

သခင်(၆)။ ။"မ ဟုတ် ဘူး ဆရာ၊ အမှတ်(၁)နဲ့(၂) ရောက်နေကြပြီ" (မြန်ဝင်သွားစေ။)

သခင်(၅)။ ။"ဝါး...." (လက်မြှောက်ကာ သမ်းဝေ၍ ပြင်ဆင်ကာ ထိုင်စေ။)

(သခင်(၁)နှင့်(၂)ထွက်လာ၍အသီးသီး ထိုင်ကြစေ။ သခင်(၆) နောက်က ထက်ကြပ် ပါလာ၍ တံခါးအနီးမှာ ရပ်နေစေ။)

သခင်(၁)။ (ထ၍)"ရဲဘော်တို့....အခု ဥရောပမှာ ဂျာမနီနဲ့ အင်္ဂလိပ် စစ်ဖြစ်ခဲ့တာ တစ်နှစ်ကျော်သွားပြီး မြန်မာနိုင်ငံမှာလည်း သခင်အဖွဲ့၊ ဆင်းရဲသား ဝံသာနုအဖွဲ့၊ ငါးပွင့်ဆိုင်အဖွဲ့၊ နေပြည်တော်အဖွဲ့တွေဟာ ထွက်ရပ်ဂိုဏ်း ထောင်ပြီး မြန်မာ့လွတ်လပ်ရေး အတွက် ဆောင်ရွက်ခဲ့တာတစ်နှစ်ကျော်သွားပြီ၊ အာဏာရှင်ကြီးကစပြီး ဂိုဏ်းခေါင်းဆောင် တွေလည်း ထောင်ထဲရောက်ကုန်ကြပြီ။ နို့ပေတဲ့ ငါတို့မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုဟာ ဘာမှမထူးခြားသေးတာကို တွေ့ရတယ်။ ဒါကြောင့်မို့ ဒီအစည်းအဝေးကို ခေါ်ရတယ်၊ ထောင်အကျခံရုံနဲ့ မပြီးဘူး။ လိုရာကိုမရောက်နိုင်ဘူးဆိုတာဟာ ထင်ရှားနေတယ် မ ဟုတ် လား။ ဒီတော့ ခြေလှမ်းတစ်မျိုး ပြင်ပြီး လှမ်းရလိမ့်မယ်။ ဖြစ်နိုင်တဲ့အကြံကို ကြံပြီး အသက်စွန့်ရမယ့် အလုပ်ကို လုပ်မှ မြန်မာ့ လွတ်လပ်ရေးကို ရမယ်။ အကြံရှိကြလျှင် ပြောနိုင်တယ်"

သခင်(၂)။ ။"အခုဥရောပမှာ တိုက်နေတဲ့ စစ်ဟာ ဥရောပနဲ့ အပြီးသတ်မှာ မဟုတ်ဘူး။ မကြာခင် အ ရှေ့ ဘက် ကို ရောက်လာဖို့ အကြောင်းရှိတယ်။ အဲဒီအခါမှာ မြန်မာ့ လွတ်လပ်ရေး အတွက် ကျုပ်တို့ အသင့်ပြင်ထားရမယ်၊ အရှေ့ဘက်မှာ ဘယ်

သူရှိသလဲ၊ နိပွန်ရှိတယ်။ နိပွန်ဟာ အင်္ဂလိပ်နဲ့ စစ်ဖြစ်ရမယ်။ ဒီအခါမှာ ကျုပ်တို့ဟာ မြန်မာ့လွတ်လပ်ရေးကို အင်္ဂလိပ် လက်ထဲက လက်ရုံးအားကိုးနဲ့ လုယူရမယ်။ ဒါကြောင့် ကျုပ်တို့ဟာ အခုကစပြီး နိပွန်နဲ့ ဆက်သွယ်ရမယ်။ ဒီအရေးကို ဘယ်လို သဘောရကြသလဲ"(ထိုင်စေ၊)

သခင်(၃)။ ။(ထ၍) "ကြိုက်တယ်၊ နိပွန်နဲ့ဆက်သွယ်ကမ်းလှမ်းရမယ်၊ ပြီးလျှင် စစ်အတတ်သင်ဖို့ ရဲဘော်တွေကို နိပွန်အရောက်လွှတ်မယ်၊ စစ်အတတ်ကိုတတ်ကြလျှင် ဒီရဲဘော်တွေဟာ ထိုင်းမှာရှိတဲ့မြန်မာရတွေကိုစုဆောင်းပြီး မြန်မာ့ လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းရမယ်၊ နိပွန်နဲ့အင်္ဂလိပ်စစ်ဖြစ်တာနဲ့တစ်ပြိုင်နက်၊ မြန်မာနိုင်ငံထဲကို ထပ်ချီပြီးဝင်ရမယ်၊ ဒီအရေးကိုကော ဘယ်လိုသဘောရကြသလဲ"(ထိုင်စေ။)

သခင်(၄)။ ။(ထ၍)"ကြိုက်တယ်၊ မြန်မာ့လွတ်လပ်ရေးတပ်မတော်ဟာ အပြင်ကတပ်ချီပြီး ဝင်လာတဲ့အခါမှာ အတွင်းကလည်း ပုန်ကန်ရမယ်၊ ဒါမှအင်္ဂလိပ်မှာ စစ်နှစ်ဘက်ညှပ်ဖြစ်ပြီး ဖိတ်မိမယ်၊ ဒါကြောင့် ပြည်တွင်းမှာလည်း သူပုန်အဖွဲ့၊တော်လှန်ရေးအဖွဲ့ ဖွဲ့စည်းဖို့စီစဉ်ရမယ်" (ထိုင်စေ။)

သခင်(၁)။ ။(ထ၍) "အခုဆိုသွားကြတဲ့ အရေးအားလုံးဟာ မြန်မာ့လွတ်လပ်ရေးနဲ့ အနီးဆုံးပဲလို့ထင်တယ်။ (အားလုံးဦးခေါင်းညိတ်ကြစေ။) ဒါဖြင့် ရှေးဦးစွာ နိပွန်နဲ့ဆက်သွယ်ဖို့လိုတယ်၊ နိပွန်ကိုသွားဖို့ လူရွေးရလိမ့်မယ်" (ထိုင်စေ။)

သခင်(၂)။ ။(ထ၍) "ရွေးမနေနဲ့ ကျုပ်သွားမယ်၊ ဟာသ်ာတရာဇဝတ်ဝန်က ကျုပ်ကိုဖမ်းဖို့ ဝရမ်းထုတ်ထားတယ်၊ဆုငွေ ၅၀ိတောင်ထုတ်ထားသေးတယ်၊ (အားလုံးရယ်ကြစေ၊) ကျုပ်အဖမ်းခံရလို့ထောင်ကျသွားလျှင် ကျုပ်ဘာမှ အလုပ် လုပ်နိုင်မှာမဟုတ်ဘူး၊ မြန်မာ့လွတ်လပ်ရေးဟာ နှောင့်နှေးသွားလိမ့်မယ်၊ကျုပ်သွားမယ်" (ထိုင်စေ၊)

သခင်(၅)။ ။(ငိုင်နေရာမှ ထ၍) "ရဲဘော်နဲ့အတူကျုပ်လဲလိုက်မယ်၊ ကျုပ် အများကြီး အကူအညီ ပေးနိုင် လိမ့်မယ်" (ထိုင်စေ။)

သခင်(၁)။ ။(ထ၍) "ကျုပ်တို့က အတွင်းသူပုန်အဖွဲ့ ဖွဲ့မယ်၊ ကိုင်း ကျုပ်တို့ အားလုံး တစ်စိတ်တည်း ကစ်ဝမ်းတည်း ထားပြီး အလုပ်လုပ်ကြရလိမ့်မယ်၊ အသက်စွန့်ကြရလိမ့်မယ်၊ အရေးတော်ပုံ .... " (လက်ရုံးတန်းစေ။)

အားလုံး။ ။(လက်ရုံးတန်းကြကာ) "အောင်ပါစေ"

(မြည်ဖုံးကားချ။)

× × ×

## အခန်း ၆

(ပြည်ဖုံးကားအပြင်သို့ ပထမလူငယ်နှင့် ဒုတိယလူငယ်တို့ ပြန်ထွက်လာကြစေ။)

ပထမလူငယ်။ ။(ခါးတောင်းကျိုက်တပြင်ပြင်နှင့် မငြိမ်မသက်ဖြစ်၍) "သူငယ်ချင်း သူငယ်ချင်း သူငယ်ချင်း"

ဒုတိယလူငယ်။ ။"ဟေ့ ရိုးတိုး ရွတနဲ့၊ ဘာဖြစ်နေတာလဲကွ"

ပထမ။ ။"သူငယ်ချင်း သူငယ်ချင်း၊ သခင်အောင်ဆန်းတို့သွားကြရောလားကွ"

ဒုတိယ။ ။"အေးလေ....သူ တို့ ဆုံးဖြတ်ကြတဲ့ အတိုင်းပေါ့ကွ...."

ပထမ။ ။"ဟေ့....ဒါမှ တ ကယ့်အကြံကွ၊ တကယ့်အလုပ်ကွ၊ တကယ့်ဖွဲ့ကွ၊ ဒါမှမြန်မာ့သွေး၊ မြန်မာ့သတ္တိကွ...."

ဒုတိယ။ ။"သွား လို့ ရောက် ရော၊ တိုတိုပြောလိုက်မယ်ကွာ၊ နိပွန်နဲ့ ဆက်သွယ်မိရော ဆိုပါတော့၊ နောက် သခင်အောင်ဆန်း မြန်မာပြည်ကိုပြန်ရောက်လာပြီးအကျိုးအကြောင်းပြော၊ ရဲဘော်သုံးကျိပ် နောက်ထပ် နိပွန်ကိုလွှတ်၊ ပြည်တွင်းမှာလည်း ပြည်

တွင်း တော်လှန်ရေး အဖွဲ့ကြီးတစ်ခုကို ဖွဲ့စည်းလိုက်တယ်....”

ပထမ။ ။“ဒါဖြင့် ဟိုရဲဘော်သုံးကျိပ်ဆိုတဲ့ စာအုပ်ဟာ ဝတ္ထုမဟုတ်ဘူး ပေါ့ကွ....”

ဒုတိယ။ ။“ဟာ....တော်တော် ငကျတဲ့ မောင်ပဲ၊ ဘယ်ကလာပြီး ဝတ္ထုဟုတ်ရမှာလည်းကွ၊ ဒါတွေဟာ တကယ် ကွ၊ တကယ်....”

ပထမ။ ။“ဒါတွေဟာ တကယ်....၊ ဟား....ဝတ္ထုထက် ကောင်းပါသေးလား သူငယ်ချင်း၊ ပြောစမ်းပါဦးကွ၊ ပြောစမ်းပါဦး”

ဒုတိယ။ ။မင်းလည်းဖတ်ပြီးမှပဲ၊ ငါမပြောချင်တော့ပါဘူးကွာ”

ပထမ။ ။“ပြောပါဦး သူငယ်ချင်းရာ၊ ထပ်ပြီး ကြားချင်သေးလို့ပါ....”

(အတွင်းမှ အမြောက်သံ သုံးချက်မြည်စေ၊)

ဒုတိယ။ ။“ဟော....၁၉၄၁–ခုနှစ်၊ ဒီဇင်ဘာလမှာ နိပ္ပွန်နဲ့အင်္ဂလိပ်၊အမေရိကန်တို့ စစ်ဖြစ်ကြရော၊ စစ်အတတ်ကို နိပ္ပွန်မှာ သင်ပြီးကြတဲ့ ဒို့ဗမာ ရဲဘော်သုံးကျိပ်ဟာ ချက်ချင်း ဆိုသလို ထိုင်းကိုရောက်၊ ဗန်ကောက်မြို့တော်မှာ သွေးစည်း သစ္စာဆိုပြီး ထိုင်းမှာရှိတဲ့မြန်မာတွေနဲ့ဗမာ့လွတ်လပ်ရေး တပ်မတော် ဘီ–အိုင်–အေ ကိုဖွဲ့စည်း၊ ဖွဲ့စည်းပြီး မြန်မာနယ်စပ်ကို ချီတက်လာတာပေါ့....”

ပထမ။ ။“နေပါဦး သူငယ်ချင်းရ၊ ထိုင်းမှာ မြန်မာတပ်ဖွဲ့တယ် ဆိုတော့ ဒီမြန်မာတွေကဘယ်ကမြန်မာတွေလဲကွ ...”

ဒုတိယ။ ။“ဟို....အရင် ကတည်းက ထိုင်းသွားပြီး ရောင်းဝယ်ဖောက်ကားနေကြတဲ့ မြန်မာတွေပေါ့ကွ၊ ကိုယ့်နိုင်ငံအတွက်ဆိုတော့ သူတို့လည်း စိတ်ကြွလာတယ်ထင်ပါရဲ့....”

ပထမ။ ။“အေးကွာ....သူတို့ကိုသိပ်ကျေးဇူးတင်ဖို့ ကောင်းတယ်”

ဒုတိယ။ ။“ဒါနဲ့....ဗမာ့ လွတ် လပ်ရေး တပ်မတော်ဟာ မြန်မာ နယ်စပ်ကို ရောက်လာရော ဆိုပါတော့ကွာ၊ ဒီတော့ ပြည်တွင်းအရေးတော်ပုံ တော်လှန်ရေးအဖွဲ့တွေက အတွင်းကနေပြီး စစ်အကူအညီပေးခဲ့ကြတယ်၊ ဘယ်လို ပေးကြသလဲ ဆိုတော့....”

[ပြည်ဖုံးကားတင်]

× × ×

## အခန်း ၇

(တောကားပေါ်လာစေ။ တောကားတစ်နေရာတွင် “ဗမာ့ လွတ် လပ် ရေး တပ်မတော်ဘီ-အိုင်–အေ”ဟူသော စာဆွဲထားစေ။ထိုနေရာတွင်တပ်သား၂၅ယောက်လောက် အချို့ရပ်လျက်၊ အချို့ထိုင်လျက်ရှိကြစေ၊ အချို့စစ်အင်္ကျီနှင့် အချို့အရပ်ဝတ်အရပ်စားနှင့်၊ အချို့ သုံးရောင်ခြယ်ခေါင်းရပ် လက်စည်းနှင့် ရှိကြစေ။ တိတ်ဆိတ်ငြိမ်သက်စွာ သေနတ်ကိုယ်စီနှင့် နေကြစေ၊ တပ်မိုလ်သည် ခါးကိုင်လျက်တစ်စုံတစ်ယောက်ကို မျှော်နေစေ။ တစ်အောင့်လောက် ကြာသောအခါ၊ တပ်သားတစ်ယောက်တစ်ဖက်မှပြေးထွက်လာ၍ စစ်ထုံးစံအတိုင်း အရိုအသေပြုကာ စာတစ်ရွက်ကို တပ်မိုလ်အားပေးစေ။ တပ်မိုလ်ဖတ်ကြည့်စေ။)

တပ်မိုလ်။ ။“အခု သူဘယ်မှာလဲ”
တပ်သား။ ။“ရှေ့က ကင်းမှာ”
တပ်မိုလ်။ ။“ခွင့်ပြုလိုက်”

(တပ်သားသည် အရိုအသေပြု၍ ဝင်သွားစေ၊ တစ်အောင့်လောက် ကြာသောအခါ သခင်တစ်ယောက် တောင်မြောက်ဝဲယာကြည့်လျက်ထွက်လာစေ။)

တပ်မိုလ်။ ။(ရှေးဦးစွာ မြင်၍) “သူငယ်ချင်း သူငယ်ချင်း။ (ပြေး၍ ဖက်စေ) သူငယ်ချင်း ဘာ့နှယ်လဲ။ မြေပုံရခဲ့ရဲ့လား”

အရေးတော်ပုံ တော်လှန်ရေးသခင်။ "ရတယ်"(မြေပုံထုတ်ပေးစေ။)

တပ်ဗိုလ်။ ။(မြေပုံပေါ်တွင် လက်ညှိုးဖြင့်ထောက်ဆွဲကာ စိတ်အား ထက်သန်စွာ ကြည့်၍) "တောက်၊ သိပ်ယုတ်မာတဲ့ အကောင်တွေပဲ၊ တို့မြန်မာစစ်သားတွေ၊ တို့သွေးသားဖြစ်တဲ့ကရင်စစ်သားတွေ၊ ကချင်စစ်သားတွေ၊ ချင်း စစ်သားတွေကိုတော့ တပ်ဦးက အခံခိုင်းတယ်၊ သင်းတို့ကတော့ ဘေးလွတ်ရာကနေတယ်"

သခင်။ ။"အဲဒီလို စီစဉ်ထားတာကို စေ့စေ့စီးစီးက မင်းသိစေချင်လို့ ငါအခုပြေးလာပြီး ပြောရတာကွ၊ နို့မဟုတ်လျှင် တို့နိုင်ငံသားအချင်းချင်း အလကားအထင်မှားပြီး တိုက်နေကြရမှာ၊ အင်္ဂလိပ် စစ်တပ်ဟာ၊ သွေးတူသားတူ တို့နိုင်ငံသား အချင်းချင်းကို ဒီအထိသွေးခွဲထားတာကွ။ သူ့ခမျာများမှာလဲ အင်္ဂလိပ်စစ်တပ်က မြှောက်ပေးတာနဲ့ တို့ကို အထင် လွဲနေကြတယ်၊ သူတို့ကတပ်ဦးမှာရှိတော့ တို့ကို ခံတိုက်မှာပဲ။ အဲဒါဘယ့်နှယ်လုပ်မလဲ"

တပ်ဗိုလ်။ ။"အရှင်းသားပဲ၊ ကရင်စစ်တပ်၊ ကချင်စစ်တပ်၊ ချင်းစစ်တပ်တွေကို ဘာဖြစ်လို့တို့ကတိုက်ရမှာလဲ။ အင်္ဂလိပ်စစ်တပ်ကိုသာတိုက်ရမယ်။ ကရင်စစ်သား၊ ကချင် စစ်သား၊ ချင်းစစ် သား တွေ ဟာ တို့သွေးသားဖြစ်တယ်။ အင်္ဂလိပ်စစ်တပ်သာ တို့ရန်သူဖြစ်တယ်၊ ဒီတော့အင်္ဂလိပ်စစ်တပ်ရှိရာကို တို့ချီတက်မယ်"

သခင်။ ။"ကောင်းတယ်။ငါလဲမင်းနဲ့ အတူလိုက်ခဲ့မယ်ကွာ"

တပ်ဗိုလ်။ ။"မင်းမလိုက်နဲ့ဦး။ မင်းကို တို့အရေးတော်ပုံတော်လှန်ရေးအဖွဲ့ခေါင်းဆောင်ကြီးက တွေ့ချင်နေတယ်။ ရဲဘော်ညိုကြီး....။(စုဝေး နေသော ရဲဘော်ထဲမှ ရဲဘော်တစ်ယောက်ထွက်လာစေ။ အနီးသို့ ရောက်လျှင် စစ်ထုံးစံအတိုင်း အရိုအသေပြုစေ၊)ရဲဘော်ညိုကြီး....(သခင်ဘက်သို့မြေပုံ စာရွက်ဖြင့် ညွှန်ပြ၍) တော်လှန်ရေးခေါင်းဆောင်ကြီးဆီလိုက်ပို့...."

ရဲဘော်ညိုကြီး။ ။"ဟိုက်...." (အရိုအသေပြုစေ။)

တပ်ဗိုလ်။ ။(သခင် ဘက်သို့ လှည့်၍) "သူငယ်ချင်းကိုသိပ်ကျေးဇူးတင်တယ် ကွာ၊ မင်းလိုက်သွားပေတော့...."

(ရဲဘော်ညိုကြီးက ရှေ့က။ သခင်က နောက်ကလိုက်၍ဝင်ကြစေ၊)

တပ်ဗိုလ်။ ။ရဲဘော်များ ဘက် လှည့်၍)"ရဲဘော်တို့.... သတိ၊ အခု ငါတို့ဟာ အဖမြန်မာနိုင်ငံကြီးရဲ့မြေကို နင်းမိပြီ။ရန်သူကို ချေမှုန်းဖို့ပဲ လိုတော့တယ်။ရန်သူကို ချေမှုန်းတဲ့ နေရာမှာ သူတို့က ထိုးစစ်မဆင်နိုင် ငါတို့က ဦးအောင်ထိုးစစ်ဆင်မှ ဖြစ်မယ်။ ထိုးစစ် ဆင်တဲ့နေရာမှာ၊ပွဲဦးထွက်ပွဲကောင်းရအောင် အသက်ကိုစွန့်ကြရလိမ့်မယ်...."

(သုံးရောင်ခြယ်ဒေါင်းအလံကိုင်ရဲဘော်တစ်ဦးသည်ရှေ့သို့ ခြေသုံးလှမ်း တိုးလာစေ။)

ရဲဘော်။ ။(အရိုအသေပြုပြီးနောက်) "ကျွန်တော်တို့အသက်စွန့်ဖို့အဆင်သင့်ရှိ ပါတယ်။ ဗိုလ်ကြီး အမိန့် ပေးသမျှကို လိုက်နာဖို့ အဆင်သင့်ရှိပါတယ်...."

တပ်ဗိုလ်။ ။"ကောင်းပြီ။ ငါတို့သည် ယခု အဖ မြန်မာနိုင်ငံကြီးရဲ့ လွတ်လပ်ရေးကို အရယူမယ်။ အရေးတော်ပုံ...."

ရဲဘော်များ။ ။"အောင်ရမယ်"

တပ်ဗိုလ်။ ။"အရေးတော်ပုံ...."

ရဲဘော်များ။ ။"အောင်ရမယ်"

တပ်ဗိုလ်။ ။"အရေးတော်ပုံ...."

ရဲဘော်များ။ ။"အောင်ရမယ်"

(တပ်ဗိုလ်နှင့်ရဲဘော်တို့ ငြိမ်သက်စွာ ရပ်နေကြစေ။ ဆိုင်းက ဗိုန်းမောင်းသံ တိုးတိုးတီးလာစေ၊ အတွင်းမှ၊ သေနတ်သံ ဆူဆူညံညံ တစ်ကြိမ် ပေးလိုက်စေ။ ဗိုန်းမောင်းသံ ကျယ်လာစေ။ နောက် တစ်ကြိမ်သေနတ်

သံဆူဆူညံညံ ပေးလိုက်စေ။ မိန်းမောင်းသံ ကျယ်လာစေ၊ နောက်တစ်ကြိမ် သေနတ်သံ ဆူဆူညံညံ ပေးလိုက်စေ။ မိန်းမောင်းသံ တိုးတိုး သက်သာဖြစ်သွားပြန်စေ။)

တပ်မိုလ်။ ။"ချီ....တက်"

(မိန်းမောင်းသံဆူညံလာစေ၊ အတွင်းမှ သေနတ်သံဆူညံလာစေ။ သေနတ်သံရပ်စေ။ မိန်းမောင်းသံ မြည်ဆဲ မြည်မနေစေ။ ရဲဘော်တို့တစ်ဘက်သို့ ချီတက်ပြေးဝင်စေ၊ တစ်ဖန် နောက်တစ်ဘက်မှပြန်ထွက်လာကြစေ။ ဇာတ်ခုံအလယ်၌ ခေတ္တမျှ ရပ်လိုက်စေ၊ သေနတ်သံ မြည်ပြန်စေ။ ရပ်စေ။ တစ်ဘက်သို့ ပြေးဝင်ကြပြန်စေ။ တစ်ဖန် ပြန်ထွက်လာ ကြစေ၊ သေနတ်သံ မြည်စေ၊ ရဲဘော်တစ်ဆယ့်ငါးဦးလောက် ခုန်ထွက်လိုက်ကြစေ။ သေနတ်သံ မြည်လိုက်ပြန်စေ၊ ရဲဘော်တို့ အတုံးအရုံးလဲကြစေ၊ အတုံးအရုံး ကျဆုံးကြ သူများတွင် အလံကိုင်လည်းပါစေ။ ရဲဘော်အများကျဆုံးကြသော်လည်းအလံမှာထောင်လျက်သားရှိနေစေ။ မိန်းမောင်းသံရပ်လိုက်စေ။မိန်းမောင်းသံရပ်လိုက်သည်နှင့် တစ်ပြိုင်နက် ပထမလူငယ်က ဒုတိယ လူငယ်ကို ဆွဲထုတ်လာသည့် ဟန်ဖြင့်ထွက်လာကြစေ၊)

ပထမ လူငယ်။ ။(ရှိုးတိုး ရှုတ ဖြစ်လျက်) "သူငယ်ချင်း.... သူငယ်ချင်း.... သူငယ်ချင်း...."

ဒုတိယလူငယ်၊ ။"ဟာ.... ဘာဖြစ်တာလဲကွ"

ပထမလူငယ်။ ။(ကျဆုံးနေကြသောရဲဘော်များနှင့် သုံးရောင်ခြယ် ဒေါင်းအလံတို့ဆီသို့ လက်ညှိုးညွှန်ကာ) "ဟိုမှာ.... ဟိုမှာ...."

ဒုတိယလူငယ်၊ ။"အေးလေ.... ဘာဖြစ်သလဲ၊ ဒါဟာ သုံးရောင်ခြယ် ဒေါင်းအလံပေါ့ကွ။ ငါပြောပြနေတာဟာ ဒီအလံရဲ့ အကြောင်းပေါ့ကွ"

ပထမလူငယ်။ ။(ရှိုးတိုးရှုတဖြစ်လျက်ပင်) "သူငယ်ချင်း....သူငယ်ချင်း....သူငယ်ချင်း။ အဲဒါမှ တို့အောင်လံ။ အဲဒါမှ တို့အောင်လံ။ အဲဒါမှ တို့သွေး။ အဲဒါမှ တို့သတ္တိ။ အဲဒါမှ တို့အစွမ်း။ အဲဒါမှ တို့လွတ်လပ်ရေး။ ဒီအလံကို ငါအရိုအသေမပြုဘဲ မနေနိုင်ဘူး။ ကိုင်း....လာ၊ မင်းလည်း ထပ်ပြီး အရိုအသေ ပြုရမယ်၊ အလေးပြု"

("အရိုအသေ ပြုကြစေ။ အမျိုးသားသီချင်းတီးမှုတ်စေ။ ပြီးလျှင် ပြည်ဖုံးကားချ၍ ပွဲသိမ်း။)